ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၁) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၄၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမြအုန်း၊ ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ မိသားစုကျန်းမာရေး။ ဦးဌေးဝင်း၊ ရခိုင် (၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ မိသားစုကိစ္စ။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ဆေးစစ်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ PR ကြားနာအစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ငင်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ငင်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ငင်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ငင်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငင်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ငင်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ငင်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ငင်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ငင်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ငင်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ငင်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ငင်းအတိုင်း။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ငင်းအတိုင်း။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ သမီးမင်္ဂလာဆောင်ကိစ္စ။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ပြည်ပခရီးစဉ်။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ဆေးရုံတက်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကော်မတီတာဝန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင် ၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေ့ယိန်း၊ ချင်း(၁၁)၊ PR ကြားနာအစည်းအဝေး။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချောက်မြို့နယ်၊ ရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ပေ(၁၂၀ x ၃၀) ကျောင်းဆောင်အသစ် အစားထိုးပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ချောက်မြို့နယ်၊ ရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ပေ(၁၂၀x၃၀) ကျောင်းဆောင်အသစ် အစားထိုးပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ် ရှိ ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ပေ(၁၂၀x၃၀) ကျောင်းဆောင်အသစ် အစားထိုးပြန်လည် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှာ မူလတန်းအဆင့် (၁၄၁)ယောက်၊ အလယ်တန်းအဆင့် (၁၀၀) ယောက် စုစုပေါင်း (၂၄၁)ယောက် ပညာသင်ကြားလျက်ရှိပါတယ်။ အဆိုပါကျောင်းမှာ ၁၉၈၄ ခုနှစ်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့တဲ့ အလျား(၆၄)ပေ၊ အနံ(၂၄)ပေ၊ အမြင့်(၁၅)ပေရှိ သွပ်မိုး ပျဉ်ကာ ပျဉ်ခင်း တစ်ထပ်ကျောင်းဆောင်တစ်ဆောင် အဆောင်(၁) ဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ်က ကိုယ့်အား ကိုယ်ကိုး ဆောက်လုပ်ထားတဲ့ အလျား(၆၄)ပေ၊ အနံ(၂၄)ပေ၊ အမြင့်(၁၂)ပေရှိ သွပ်မိုးထရံကာတစ်ထပ် ကျောင်း ဆောင်တစ်ဆောင် အဆောင်(၂) ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်က World Vision နဲ့ မိဘပြည်သူတွေ ပူးပေါင်းဆောက်လုပ်ထားတဲ့ အလျား(၁၀၀)ပေ၊ အနံ(၃၀)ပေရှိ သွပ်မိုးအုတ်ကာ အုတ်ခင်း တစ်ထပ်ကျောင်းဆောင်တစ်ဆောင် အဆောင်(၃) ဖြစ်ပါတယ်။ ကျောင်းဆောင်(၃)ဆောင် ရှိပါတယ်။ နိုင်ငံတော် ကနေပြီးတော့ တာဝန်ယူ ဆောက်လုပ်ပေးခဲ့တဲ့ ကျောင်းဆောင် တစ်ဆောင်မှ မရှိသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းဆောင် (၃)ဆောင် ရှိတဲ့အနက် ၁၉၈၄ ခုနှစ်က ဆောက်လုပ် ခဲ့တဲ့ ကျောင်းဆောင်အဆောင် (၁)ဟာ နှစ်ပေါင်း (၃၀)ခန့်ကြာမြင့်ပြီး ပျက်စီးယိုယွင်း ယိမ်းယိုင်လျက် ရှိကာ အန္တရာယ်ရှိနေတဲ့ အဆောက်အအုံဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း အန္တရာယ်ရှိ ကျောင်း ဆောင်ဖျက်သိမ်းပြီး ကျောင်းဆောင်အသစ် ပြန်လည်ဆောက်လုပ်ပေးဖို့အတွက် ရန်ပုံငွေတောင်းခံခြင်း စာအုပ်တစ်အုပ်နဲ့အတူ ဓာတ်ပုံမှတ်တမ်းများနဲ့ တကွလည်း တင်ပြခဲ့ပါတယ်။ အဆိုပါ အန္တရာယ်ရှိ ကျောင်းဆောင်နဲ့ ပတ်သက်ပြီးတော့ အစားထိုး အသစ်ပြန်လည်ဆောက်လုပ်ဖို့အတွက် ချောက်မြို့နယ်

ပညာရေးမှူးရုံးရဲ့ ၃၀-၁၀-၂၀၁၃ ရက်စွဲပါ စာအမှတ် ၇/ ထောက်-၁/ ၇၉၉/၂၀၁၃ ဖြင့် ညွှန်ကြားရေးမှူး မကွေးတိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးထံ ပေးပို့တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ ရွာမ ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ် ကျောင်းဆောင်ကို ဖျက်သိမ်းခွင့်ပြုပြီး ကျောင်းဆောင်အသစ် အစားထိုးပြန်လည်ဆောက်လုပ်ပေးရန် အမှန်တကယ်လိုအပ်နေပါတယ်။ သို့ပါ၍ ကျေးလက်နေ ဒေသခံမဲဆန္ဒရှင် ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းအား မေးမြန်းအပ်ပါတယ်။ (၁) မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ ရွာမကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ပေ (၁၂၀ x ၃၀ x ၁၅) ပေ ကျောင်းဆောင်အသစ် တစ်ဆောင် အစားထိုးဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျိုင်းတုံမြို့နယ် မိုင်းကိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ မူလစာသင်ဆောင်အား ပြုပြင်မွမ်းမံပေးရန်နှင့် ထပ်မံလိုအပ်သည့် စာသင်ဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်ကျော် က ကျိုင်းတုံမြို့နယ် မိုင်းကိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ မူလစာသင်ဆောင်အား ပြုပြင်မွမ်းမံပေးရန်နှင့် ထပ်မံလိုအပ်သည့် စာသင်ဆောင်တစ်ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဗိုလ်မှူးချုပ်အောင်ကျော်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်-၁၉၇၁၇ ဗိုလ်မှူးချုပ်အောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းကိုင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှိ မူလစာသင်ဆောင်အား ပြုပြင်မွမ်းမံပေးရန်နှင့် ထပ်မံလိုအပ်သည့် စာသင်ဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်အတွင်းမှာရှိတဲ့ မိုင်းကိုင်ကျေးရွာဟာ ကျိုင်းတုံမြို့ရဲ့ အရှေ့ဘက် (၆၂)မိုင် အကွာ အစွန်ဆုံးဒေသမှာ တည်ရှိတဲ့ ကျေးရွာ(၁)ရွာ ဖြစ်ပါတယ်။ မိုင်းကိုင်ကျေးရွာအုပ်စုမှာ ကျေးရွာ ပေါင်း (၁၀)ရွာ ရှိပါတယ်။ ရှမ်း၊ အာခါ၊ လွယ်နှင့် လားဟူ လူမျိုးများ နေထိုင်ကြပြီး လယ်နဲ့ တောင်ယာ စိုက်ပျိုးခြင်းလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြတဲ့ ဆင်းရဲတဲ့ ကျေးရွာအုပ်စုတစ်စု ဖြစ်ပါတယ်။ အနီးဆုံး ဆက်သွယ်သွားလာနိုင်တဲ့ နေရာက ကျိုင်းတုံမြို့နယ်အတွင်းမှာရှိတဲ့ လွယ်မွေ့ကျေးရွာ ဖြစ်ပြီး မြေသားကားလမ်း(၄၂)မိုင် ကွာဝေးပြီးတော့ ဆောင်းရာသီနဲ့ နွေရာသီတွေမှာ ကျေးရွာရှိ ထော်လာဂျီယာဉ်များ သွားလာကြပြီး မိုးရာသီမှာ သွားလာရေး ခက်ခဲတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး Power Point နဲ့ တင်ပြခွင့်ပြုပါ။ မိုင်းကိုင်ကျေးရွာအုပ်စုမှာ အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်းတည်းသာရှိ၍ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၁၀)ရွာမှ ကလေးများ အားလုံး မိုင်းကိုင် အခြေခံပညာ မူလတန်းကျောင်းမှာ လာရောက် ပညာသင်ကြား ကြရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်မှာ ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၉၃)ဦး ရှိပြီး ဆောက်လုပ်ထားတဲ့ အလျား (၄၀)ပေ၊ အနံ (၂၅)ပေရှိ အုတ်ညှပ်၊ သွပ်မိုး အဆောက်အအုံ တစ်ခုတည်းနဲ့ မလုံလောက်တဲ့အတွက် ကျေးရွာအစီအစဉ်နဲ့ အလျား (၂၅)ပေ၊ အနံ (၁၅)ပေ ရှိ ဝါးထရံကာသွပ်မိုး အဆောက်အအုံတစ်ခု တည်ဆောက်ပြီး စာသင်ကြားလျက်ရှိပါတယ်။ မူလဆောက်လုပ်ထားတဲ့ အဆောက်အအုံဟာလည်း နှစ် ကာလကြာမြင့်ပြီဖြစ်၍ ကြမ်းခင်းတွေ ပေါက်ပြဲနေတဲ့အတွက် ပြုပြင်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မိုင်းကိုင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှိ မူလစာသင်ဆောင်အား ပြုပြင်ပေးဖို့နဲ့ ထပ်မံ လိုအပ်တဲ့ စာသင်ဆောင်တစ်ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျိုင်တုံမြို့နယ်၊ မိုင်းကိုင်မြို့၊ အခြေခံပညာမူလတန်းကျောင်း ပုံ (၁၁)



မိုင်းကိုင်မြို့ အခြေခံပညာမူလတန်းကျောင်း အုတ်ညှပ်၊ သွပ်မိုးအဆောက်အဦအတွင်း
စာသင် ခန်းမပုံ (ခခ-၁)




မိုင်းကိုင်မြို့ အခြေခံပညာမူလတန်းကျောင်း ဝါး၊ ထရံကာ သွပ်မိုး အဆောက်အဦအတွင်း
စာသင် ခန်းမပုံ (ခခ -၂)



**ဖလမ်းမြို့နယ်၊ ဝေဘူလကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ဖလမ်း မြို့နယ်၊ ဝေဘူလကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဖလမ်းမြို့နယ်၊ ဝေဘူလကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေဘူလကျေးရွာသည် ကျွန်တော်တို့ ကလေး-နတ်ချောင်း-ဖလမ်း ကားလမ်းမပေါ်မှာရှိပြီး ကလေးကနေ (၂၇)မိုင်ဝေးပြီးမှ ဖလမ်းကနေ(၄၂)မိုင် ဝေးပါတယ်။ အဲဒီကျောင်းက အလယ်တန်းကျောင်း ရရှိထားတာ ကြာလှပြီဖြစ်တဲ့အပြင် ဒီကျောင်းမှာ ကျောင်းသား (၂၄၀)ကျော်ခန့် ကျောင်းတက်နေကြပါတယ်။ ၎င်းအပြင် ကျေးရွာတွေဟာ မိုးတွင်းအခါကျတော့ ဒီလမ်းက ကတ္တရာလမ်း မဟုတ်တဲ့အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေးမှာလည်း ခက်ခဲပါတယ်။ အနီးအနားကျေးရွာ(၁၁)ရွာလောက်ကနေပြီးမှ မူလတန်းကျောင်းကနေ ကျောင်းပြီးလို့ရှိရင်လည်း အဲဒီ ဝေဘူလကျောင်းမှာပဲ လာပြီးမှ ပညာသင်ယူကြပါတယ်။ အခုခေတ်ကျောင်းသားလေးများဟာ အသက်ငယ်ရွယ်သေးတဲ့ အတွက်ကြောင့် မိဘအုပ်ထိန်းမှု အောက်ကနေပြီး အလယ်တန်းအောင်ပြီးမှ ဖလမ်းမြို့သို့ သွားပြီး ကျောင်းတက်မယ်ဆိုရင်လည်းပဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့်တစ်ကြောင်း၊ နောက် ဖလမ်းမြို့နယ် လူနေမှု အိမ်အခြေအနေကြပ်တည်းမှုကြောင့်တစ်ကြောင်း အဲဒီမှာ ဒီလိုမိဘများဆက်မထားနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ မိဘများရဲ့ အုပ်ထိန်းမှုအောက်၊ မိဘများရဲ့ မျက်စိအောက်ကနေပြီးမှ ပညာဆက်လက်သင်ကြားနိုင်ဖို့အတွက် ဖလမ်းမြို့နယ် ဝေဘူလကျေးရွာ ပတ်ဝန်းကျင်ရှိ ရွာ(၉)ရွာ၊ (၁၀)ရွာမှ အခြေခံမူလတန်းကျောင်း ပြီးမြောက်သော ကျောင်းသူ/ကျောင်းသားကလေးငယ်များ အုပ်ထိန်းသူ မိဘများနဲ့ မခွဲမခွာဘဲ လွယ်ကူစွာ ပညာဆက်လက်သင်ကြားနေခြင်းအတွက် ဝေဘူလကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ တိုးမြှင့်ပေးပါရန် ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် ဒေသခံများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**နွားထိုးကြီးမြို့နယ်၊ မျက်ရှု အခြေခံပညာ အလယ်တန်းကျောင်းတွင် (၁၄၀ x ၃၀)ပေ အုတ်ညှပ် (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းဇော်ထွန်း က နွားထိုးကြီးမြို့နယ်၊ မျက်ရှုအခြေခံပညာအလယ်တန်းကျောင်းတွင် (၁၄၀x၃၀)ပေ အုတ်ညှပ် (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဗိုလ်မှူးသန်းဇော်ထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၅၆၀၀ ဗိုလ်မှူးသန်းဇော်ထွန်း ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းသွားမှာကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ မျက်ရှုအခြေခံပညာ အလယ်တန်းကျောင်းတွင် (၁၄၀x ၃၀)ပေ အုတ်ညှပ်(၂)ထပ် ကျောင်းဆောင်သစ်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အ.လ.က မျက်ရှုတွင် မူလတန်းအဆင့် ကျောင်းသား/ကျောင်းသူ ဦးရေ (၁၂၀)ဦး၊ အလယ်တန်းအဆင့် (၃၁၇)ဦး၊ စုစုပေါင်း (၄၃၇)ဦး ရှိပြီး စာသင်ဆောင်များ အနေဖြင့် ပင်မကျောင်းဆောင်(၁)ဆောင်၊ တိုးချဲ့ဆောင်(၁) ဆောင်နှင့် ဒေသခံ ပြည်သူများမှ ဆောက်လုပ်ထားသော စာသင်ခန်း(၁)ခန်းနှင့် ရုံးခန်း(၁)ခန်းတို့ ရှိပါတယ်ခင်ဗျား။ ပင်မကျောင်းဆောင်ဟာ အလျား(၇၂)ပေ အနံ(၂၂)ပေရှိသော (၁)ထပ် ကျောင်းဆောင်ဖြစ်ပြီး ဒိုင်း၊ မြားတန်း၊ ထုပ်တန်းများ ပိုးစား ခြကိုက်မှုကြောင့် ပြုတ်ကျနေခြင်း၊ အခင်းများ၊ ပြတင်းပေါက်များ၊ ပျက်စီးနေခြင်း နံရံများကွာကျနေခြင်း၊ သွပ်မိုးများလန်ကျနေခြင်းတို့ကြောင့် ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအတွက် အန္တရာယ်ဆောင် ဖြစ်နေပါတယ်ခင်ဗျား။ တိုးချဲ့ဆောင်ကလည်း အလျား(၁၂၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့် (၁၈) ပေရှိသော သွပ်မိုးအုတ်ကာ ကွန်ကရစ်ခင်း (၁)ထပ်ကျောင်းဆောင်ဖြစ်ပြီး ၁၉၈၅ ခုနှစ်မှာ UNICEF ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ရာ ယနေ့ထိ အပြီးမသတ်နိုင်ဘဲ ရှိနေတဲ့အပြင် နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က ကျောင်းဆောင်ကြီးမှာ အနည်းငယ် ယိမ်းယိုင်သွားပြီး အချိန်မရွေးပြိုကျနိုင်သော အဆောက်အအုံ ဖြစ်နေပါတယ်ခင်ဗျား။ စာသင်ကြားမှုတွင်လည်း အန္တရာယ်ရှိသော အဆောင်များ ဖြစ်နေသောကြောင့် အရိပ်ရသစ်ပင်များ အောက်များတွင်လည်းကောင်း ဒေသခံပြည်သူများ ဆောက်လုပ်ပေးထားသော ယာယီအဆောင်ငယ်တွင်လည်းကောင်း သင်ကြားပို့ချနေရပါတယ်ခင်ဗျား။

ကျောင်းဆောင်များရဲ့ အခြေအနေအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးထံ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ပင်မကျောင်းဆောင်ဖြစ်ပါတယ်ခင်ဗျား။ ပင်မကျောင်းဆောင်ရဲ့ ဒိုင်းမြား၊ ထုပ်တန်းများ ပျက်စီးနေပုံ ဖြစ်ပါတယ်ခင်ဗျား။ ပင်မကျောင်းဆောင်ရဲ့ ပျက်စီးနေပုံ ဖြစ်ပါ

တယ်။ ပင်မကျောင်းဆောင်ရဲ့ နံရံနဲ့ အမိုးများ ပျက်စီးနေပုံ ဖြစ်ပါတယ်။ ပင်မကျောင်းဆောင်ရဲ့ နံရံနဲ့ အခင်းများ ပျက်စီးနေပုံ ဖြစ်ပါတယ်။ တိုးချဲ့ဆောင်ဖြစ်ပါတယ်ခင်ဗျား။ တိုးချဲ့ဆောင်ရဲ့ အနည်းငယ် ယိမ်းယိုင်နေပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒေသခံပြည်သူများ ဆောက်လုပ်ပေးထားတဲ့ ယာယီဆောင်လေး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများတို့ရဲ့ ဆန္ဒအရ ဥက္ကဌကြီးမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ် အ.လ.က မျက်ရှုတွင် လိုအပ်နေသော (၁၄၀ x ၃၀) ပေ အုတ်ညှပ် (၂)ထပ်ကျောင်းဆောင်သစ် တစ်ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိအား သိရှိလို၍ ဒေသခံ ပြည်သူများ ကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

အခြေခံပညာအလယ်တန်းကျောင်း မျက်ရှုပင်မကျောင်းဆောင်ပုံ (၈၈)



အ.လ.က မျက်ရှုပင်မကျောင်းဆောင် ဒိုင်း၊ မျှားတန်း၊ ထုတ်များ ပျက်စီးနေပုံ (၈၈-၁)



အ.လ.က မျက်ရှုယာယီကျောင်းဆောင်ပုံ (၈၈-၂)



**လှိုင်ကော်မြို့နယ် ချိုကယ်ကျေးရွာအုပ်စု၊ ဒေါမူကလားကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း လွယ်တမူ(တောင်)ကျောင်းကို RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်း က လှိုင်ကော်မြို့နယ် ချိုကယ်ကျေးရွာအုပ်စု၊ ဒေါမူကလားကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း လွယ်တမူ(တောင်)ကျောင်းကို RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးခွန်းကို မေးမြန်းခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြား လိုပါတယ်။ ကျွန်တော် မေးမြန်းချင်တဲ့မေးခွန်းကတော့ ကယားပြည်နယ်၊ လှိုင်ကော်မြို့၊ ချိုကယ် ကျေးရွာအုပ်စု၊ ဒေါမူကလားကျေးရွာမှာရှိတဲ့ လွယ်တမူ(တောင်) အစိုးရအခြေခံပညာ မူလတန်း ကျောင်းအား RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း ဖြစ်ပါတယ်။

လှိုင်ကော်မြို့၊ ချိုကယ်ကျေးရွာအုပ်စု၊ ဒေါမူကလားရွာဟာ လှိုင်ကော်မြို့ရဲ့ (၂)မိုင်ကျော် အကွာအဝေးမှာရှိတဲ့ ကျေးရွာဖြစ်ပြီးတော့ အိမ်ခြေပေါင်း(၆၉)အိမ်၊ အိမ်ထောင်စုပေါင်း(၇၂)၊ လူဦးရေ (၃၅၄)ဦးနေထိုင်ပါတယ်။ ရွာသူ/ရွာသားများဟာ တောင်ယာ၊ လယ်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြတဲ့အတွက် ဆင်းရဲနွမ်းပါးကြပါတယ်။ မိုးဥတုကောင်းမွန်သည့်နှစ်များမှာ စိုက်ပျိုးသီးနှံ အထွက်ကောင်းသော်လည်း မကြာခဏရာသီဥတုမမှန်ကန်တဲ့အတွက် စားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားနေကြရပါတယ်။

အဲဒီရွာမှာရှိတဲ့ လွယ်တမူ (တောင်)အ.မ.က ကျောင်းဟာ လွန်ခဲ့တဲ့ ၁၉၈၈-၈၉ ခုနှစ်က ဆောက်လုပ်ထားပြီး သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာအဆောက်အအုံ ဖြစ်ပါတယ်။ အဲဒီကျောင်းဟာ နှစ်ကာလကြာလာတာနဲ့အမျှ ဥပဓိရုပ်မကောင်းတော့ပါဘူး။ ပျဉ်ကာများမှာ ပိုးထိုးထားတဲ့အတွက် အပေါက် ဖြစ်နေပါတယ်။ ဆွေးမြည့်ပျက်စီးစ ပြုနေပြီဖြစ်ပါတယ်။ အဲဒီရွာမှာရှိတဲ့ ရွာသူ/ရွာသားများ ပံ့ပိုးကူညီနိုင်မှု အားနည်းခြင်းတို့ကြောင့် အဆောက်အအုံသစ်တစ်ဆောင် အမှန်တကယ် လိုအပ်လျက် ရှိပါတယ်။ ဒါကြောင့် ရွာသူ/ရွာသားများရဲ့ ဆန္ဒအရ (၆၀ ပေx၃၀ ပေ) RC တစ်ဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍မရှိသေးပါကလည်း လာမယ့်ဘဏ္ဍာရေးနှစ်မှာ ဦးစားပေး အဆင့်သတ်မှတ်ပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ဒေါက်တာဇော်မင်းအောင်က ကိုယ်စားလှယ်တော်ကြီးများ မေးတဲ့ မေခွန်း (၅)ခုကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီးအမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်း ရဲ့ ချောက်မြို့နယ်၊ ရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး (၁၂၀ ပေ x ၃၀ ပေ) ကျောင်းဆောင်အသစ် အစားထိုးပြန်လည် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးပြီး သက်တမ်းကြာမြင့်ပြီး

အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ်ဦးစားပေး အစီအစဉ်၊ ကျောင်းအလိုက်တန်းစီဇယားမှာ ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါတယ်။

ဒါကြောင့်မို့လို့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ် ဦးစားပေး အစီအစဉ် ကျောင်းအလိုက်တန်းစီဇယားအရ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်မှာ အခြေခံပညာကျောင်း (၁၆)ကျောင်းအတွက် ယခုနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံး ငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ်(၄၈၆)သန်းကို လျာထားတင်ပြပြီး ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ယခုကိုယ်စားလှယ်ကြီးတင်ပြတဲ့ ချောက်မြို့နယ်၊ ရွာမကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်း (ခွဲ)မှာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

သို့သော်လည်းပဲ ၂၀၁၆-၂၀၁၇ အတွက် လျာထားတဲ့ မြို့နယ်အလိုက် ဦးစားပေး တန်းစီ ဇယားမှာတော့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ကျောင်းဟာ တန်းစီဇယားမှာ ဦးစားပေးအဆင့် (၂) မှာ ရှိပါကြောင်း ဖြည့်စွက် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်ကျော် ရဲ့ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ် မိုင်းကိုင်ကျေးရွာ အခြေခံပညာ မူလတန်း ကျောင်းရှိ မူလစာသင်ဆောင်အား ပြုပြင်မွမ်းမံပေးရန်နှင့် ထပ်မံလိုအပ်သည့် စာသင်ဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းများနဲ့ ပတ်သက် ပြီးတော့ သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရ မြို့နယ်ဦးစားပေး အစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။

ယခုလည်းပဲ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်မှာ အခြေခံပညာ (၉)ကျောင်း အတွက် ၂၀၁၅-၂၀၁၆ ယခုနှစ် ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်မှာ ငွေကျပ် (၃၂၄) သန်းကို လျာထားတင်ပြီး ဖြစ်ပါတဲ့အတွက် ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ မိုင်းကိုင် ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ စာသင်ဆောင် ဆောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

သို့သော်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်များကိုလည်း အလေးထား စဉ်းစားပြီးတော့ ဥပဒေရပ်မကောင်းတဲ့ ဟာကိုလည်း စိစစ်ပြီး ဖြည့်စွက်ဆောင်ရွက်ပေးမည် ဖြစ်ပါ ကြောင်းနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ကျောင်းဟာ ကျိုင်းတုံ မြို့နယ်မှာတော့ ဦးစားပေး အစီအစဉ်(၁)မှာ ရှိနေပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

တတိယမြောက်မေးခွန်းအနေနဲ့ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ရဲ့ ဖလမ်းမြို့နယ်၊ ဝေဘူလကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ် ဖလမ်းမြို့နယ်မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာ အထက်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၇)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၈)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၁၅)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (၂၇)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(၁၁၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၁၇၆)ကျောင်းတို့ကို ဖွင့်လှစ်ခွင့်ပြုပြီး ဖြစ်ပါတယ်။

ဖလမ်းမြို့နယ်၊ ဝေဘူလကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှာ ပဉ္စမတန်းကျောင်းသား (၃၂)ဦး၊ ဆဋ္ဌမတန်း(၂၃)ဦး၊ သတ္တမတန်း(၂၂)ဦးနဲ့ အဋ္ဌမတန်း(၁၉)ဦး၊ စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား (၉၆)ဦး ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနရဲ့ ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူများကိုလည်း ယခုအခါမှာ လူမှုရေးဝန်ကြီးများနဲ့ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ အဲဒါကလည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်တွေမှာရှိတဲ့ ပြည်သူများရဲ့ လိုအင်ဆန္ဒရော၊ ပညာရည် မြင့်မားရေးရော စဉ်းစားပြီးတော့ ကျွန်တော်တို့က လက်တွေ့ကျ/မကျ မူဝါဒများကို ထပ်မံဖြေလျှော့ဖို့ စဉ်းစားပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့နဲ့ စနေနေ့များမှာ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် ဖြည့်စွက်ပြီး တင်ပြခြင်း ဖြစ်ပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် (၁၅)ခုကနေပြီးတော့ လူမှုရေးဝန်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေကတော့ ပညာရေးတာဝန်ခံကို ဖိတ်ခေါ်ပြီးတဲ့ အခါကျတော့ ချင်းပြည်နယ်တွေမှာဆိုရင်လည်း ဘယ်ဒေသတွေကတော့ သွားလာရခက်ခဲတယ်။ ဒါကြောင့်မို့လို့ ဒီဒေသတွေမှာဆိုရင်တော့ ဘယ်လိုစဉ်းစားသင့်ပါတယ် စသည်ဖြင့်ပေါ့။ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ယခင့် ယခင်မေးခဲ့တဲ့ မေးခွန်းတွေပေါ်မှာလည်း အခြေခံပြီးတော့ မည်သို့ဖြေလျှော့ပေးသွားနိုင်သလဲ။ ဒါလေးတွေကိုလည်း စဉ်းစားဆောင်ရွက်လျက် ရှိပါကြောင်းကို ဒီနေရာမှာ ဖြည့်စွက်တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းအဆင့်တိုးကိစ္စများ ဖြစ်ပါတယ်။

ဒီလိုပါပဲ။ ဆောက်လုပ်ရေးကိစ္စများနဲ့ ပတ်သက်လို့ရှိရင်လည်း ကျွန်တော်တို့က အရည်အသွေး မူဘောင်တွေ ပြည့်ဝဖို့နဲ့ အချိန်မီပြီးစီးဖို့ ဘဏ္ဍာရေးနှစ် စတင်တာနဲ့ ပြည်ထောင်စု လွှတ်တော်ကနေပြီး ကျွန်တော်တို့ ဘဏ္ဍာရေးကို အတည်ပြု၊ ရသုံးမှန်းခြေဥပဒေကို အတည်ပြုပြီးနောက်ပိုင်းမှာ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်သွားဖို့ ဒါတွေကိုလည်း ကျွန်တော်တို့ဟာ အသေးစိတ်ညှိနှိုင်းဆောင်ရွက်ခြင်းများကို ကျွန်တော်တို့ သောကြာနေ့နဲ့စနေနေ့မှာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးခြင်းနဲ့တကွ လိုက်လာတာကတော့ ကျောင်းဆောင်များ လိုအပ်ချက်၊ ဆရာ/ဆရာမများ ခန့်ထားချက်၊ အထူးသဖြင့်တော့ အထက်တန်းပြ ဆရာ/ဆရာမများ ခန့်ထားရန်အတွက် ဘယ်လိုခန့်ထားရင် အဆင်ပြေမလဲ။ ကျောင်းဆရာ/ဆရာမ လိုအပ်ချက်ကလည်း ရှိနေတဲ့အတွက် ကျောင်းအဆင့်

များ တိုးသည်နှင့်သကာလ တစ်ဆက်တည်းမှာပဲ ဆရာ/ဆရာမများလည်း ဖြည့်စွက်ခန့်ထားရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဘယ်လိုအမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရင် အထူးသဖြင့် ဒီနှစ်အတွင်းမှာ ပညာသင်ကြားရေးကို Quality Education သွားနိုင်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ မူဝါဒများကို ညှိနှိုင်းဆောင်ရွက်ထားတာလေးတွေ ရှိပါတယ်။ အားလုံးတော့ ကျွန်တော်တို့ အတည်ပြုချက်များရယူပြီးရင်တော့ အားလုံးကို အဲဒီမူဝါဒတွေအတိုင်း ဆောင်ရွက်မယ်ဆိုတာတွေကိုလည်း ပွင့်ပွင့်လင်းလင်း အားလုံးကို ကြေညာသွားမှာ ဖြစ်ပါကြောင်း ဖြည့်စွက် တင်ပြလိုပါတယ်။

အဲဒီတော့ ယခုကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုးတန်းစီ ဇယားအရလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အချက်ကို အလေးထားစဥ်းစားပြီးတော့လည်းကောင်း စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ်တော့ အဆင့်တိုးမြှင့်ပေးရန် အစီအစဥ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျွန်တော်တို့ စီစဥ်ထားတာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ မေးတဲ့မေးခွန်းက ကျောင်းအဆင့်တိုး စာရင်းတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များကို ပေးသွားပြီးတော့ ဒါတော့ မေးထားတဲ့ မေးခွန်းမှာ ကျွန်တော်တို့ ကတိကဝတ် ဖြစ်နေပါတယ်။ ဒါကတော့ အမှန်တကယ် ပြန်ကြားပေးပါဆိုရင် သဘောထားမှတ်ချက် သီးခြားတောင်းသွားဖို့လည်းရှိပါကြောင်း ကျွန်တော့်အနေနဲ့ ဖြည့်စွက်ရှင်းလင်း တင်ပြအပ်ပါတယ် ခင်ဗျား။

စတုတ္ထမြောက် မေးခွန်းအနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသန်းဇော်ထွန်း ရဲ့ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ မျက်ရှု အခြေခံပညာ အလယ်တန်းကျောင်းတွင် (၁၄၀x၃၀)ပေ အုတ်ညှပ်(၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ အသစ်တည်ဆောက်တဲ့လုပ်ငန်းများကို သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ်ဦးစားပေး အစီအစဥ်အလိုက် တန်းစီဇယားမှာ ထည့်သွင်းလျာထားခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ယခင်မျက်ရှုအခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ယခု အခြေခံပညာ အလယ်တန်းကျောင်းမှာ (၁၂၀x ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် အသစ်ဆောက်လုပ်ရန်အတွက် ယခု ဘဏ္ဍာရေးနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဥ်အောက်မှ ငွေကျပ်(၄၃.၂၀)သန်းကို လျာထားတင်ပြ ပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ငါးခုမြောက်မေးခွန်းဖြစ်တဲ့ ကယားပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပိုးရယ်အောင်သိန်း ရဲ့ ကယားပြည်နယ် လွိုင်ကော်မြို့ ချိကယ်ကျေးရွာအုပ်စု၊ ဒေါမူကလားကျေးရွာရှိ အစိုးရမူလတန်းကျောင်း လွယ်တမူ(တောင်) ကျောင်း

ကို RC တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ တည်ဆောက်ခြင်းလုပ်ငန်းကို သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများ နဲ့၊ မြို့နယ်ဦးစားပေး အစီအစဉ်များနဲ့၊ ကျောင်းအလိုက် တန်းစီဇယားမှာ ထည့်သွင်းလျာထားခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ကယားပြည်နယ် လွိုင်ကော်မြို့နယ် အခြေခံပညာကျောင်း (၂၅)ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ် (၇၃၈.၀၀)သန်းကို လျာထားတင်ပြပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခု ကိုယ်စားလှယ်တင်ပြသော ဒေါ်မူကလား ကျေးရွာရှိ လွယ်တမူ(တောင်)အခြေခံပညာ မူလတန်းကျောင်းမှာ RC (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

သို့သော်လည်းပဲ အဲဒီကျေးရွာဟာ လောလောဆယ် ကျေးရွာအမည်တောင်မှ မပေါက်သော်လည်းပဲ ကျွန်တော်တို့ ဒါကို ဥပဓိရုပ်မကောင်းတာကိုလည်းပဲ တင်ပြထားတဲ့အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးသွားမည်ကို အလေးထားပြီး စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျွန်တော်တို့ နောင် အမျိုးသားပညာရေးဥပဒေမှာလည်း အထူးကျောင်းများ တောင် စီစဉ်ပေးရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အထူးကျောင်းများဆိုတာ ရွှေ့လျားကျောင်းများ ဖြစ်တဲ့ သစ်တောထဲမှာရှိနေတဲ့ ဝန်ထမ်းတွေရဲ့ သားသမီးတွေ စသည်ဖြင့်၊ နောက် ရွှေ့ပြောင်းလုပ်သား တွေရဲ့ သားသမီးတွေ ကျောင်းနေနိုင်ဖို့အတွက်တောင်မှ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်တဲ့အတွက် ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ကျောင်းဟာ Section တောင်မှ ကျေးရွာ အနေနဲ့ မရေရာသေးသော်လည်းပဲ ကျွန်တော်တို့အနေနဲ့ အလေးထားစဉ်းစားဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၃၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၀း၅၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် - ၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြုပြီး ပေးပို့လာသော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေး အဖွဲ့များဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃)ကို ရုပ်သိမ်း သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည် ပြုချက်အတိုင်း ထားရှိရန် သဘောတူလက်ခံထားသဖြင့် လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက်လည်းကောင်း ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာ ရေးအဖွဲ့များ ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃)ကို ရုပ်သိမ်း သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်း ထားရှိရန်-

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား]

သဘောမတူသူမရှိတဲ့အတွက် ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမ အကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်မှု အခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်မှုအခြေအနေများ၊ ကွင်းဆင်းစိစစ်ရေးအဖွဲ့(၂)ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်မှု အခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်မှုအခြေအနေများ၊ ကွင်းဆင်းစိစစ်ရေးအဖွဲ့ (၂)ဖွဲ့၏ တွေ့ရှိချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဦးမှတ်ကြီး(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌ ဦးမှတ်ကြီး ဖြစ်ပါတယ်။

ကျွန်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး မှ ဒသမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်မှု အခြေအနေနှင့် (၁၁)ကြိမ် မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်မှုအခြေအနေများ၊ ကွင်းဆင်းစိစစ်ရေးအဖွဲ့(၂)ဖွဲ့ရဲ့ တွေ့ရှိချက် များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမ ပုံမှန်အစည်းအဝေးထိ ဆောင်ရွက်မှုအခြေအနေနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်မှု အခြေအနေများ၊ ကွင်းဆင်းစိစစ်ရေးအဖွဲ့(၂)ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ

နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ (က)၊ အမျိုးသားလွှတ်တော် ဥပဒေပုဒ်မ ၂၁ နှင့် အမျိုးသားလွှတ်တော် နည်းဥပဒေ အပိုဒ် ၇၁ နှင့် ၇၃ တို့အရ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းတဲ့ မေးခွန်းတွေ၊ တင်သွင်းတဲ့ အဆိုများနှင့်ပတ်သက်၍ နောက်တစ်ကြိမ် ကျင်းပမည့် လွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းရန် ပြဋ္ဌာန်းထားပါတယ်။

၂။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၁-၁-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ်၊ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင်

မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့် စပ်လျဥ်းတဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များအပေါ်မှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လွှတ်တော်သက်တမ်းကုန်ဆုံးတဲ့အခါ အားလုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနိုင်ရန်အတွက် လွှတ်တော်ရုံးအနေဖြင့် နိုင်ငံတော်သမ္မတထံ လိပ်မူပြီး ယခု(၁)ကြိမ်၊ နောက်(၃)လဖြစ်တဲ့ အချိန်မှာ(၁)ကြိမ်၊ နောက်(၂)လဖြစ်တဲ့ အချိန်မှာ (၁)ကြိမ်၊ နောက် (၁)လ(၁)ကြိမ်၊ နောက်ဆုံး ပုံမှန်အစည်းအဝေးကာလမှာဆိုရင် (၁)ခုကတိဖြစ်ရင် (၁)ခုပို့ပြီးမှ လွှတ်တော်လည်းပြီး လုပ်ငန်းအကောင်အထည်ဖော်လည်းပြီးမှာမို့လို့၊ အဲ့ဒီလို ဆောင်ရွက်ပေးသွားဖို့ လွှတ်တော် ရုံးက မှတ်သားဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါတယ်။

ကော်မတီ၏ဆောင်ရွက်ချက်များ

၃။ ဒီလမ်းညွှန်ချက်အရ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေး ကနေပြီးတော့ ဒသမပုံမှန် အစည်းအဝေးထိ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၁၄၉၂)ခုအနက် (၈၉၅)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့က (၇၈၀)ခုဆောင်ရွက်ခဲ့ပြီး၊ (၁၁၅)ခု ဆောင်ရွက်ရန် ကျန်ရှိခဲ့ပါတယ်။ ကြယ်ပွင့်မပြ မေးခွန်းပေါင်း (၁၇၃၇)ခုအနက် (၈၄၆)ခု ကတိဖြစ်ပေါ်ခဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က (၆၆၄)ခု ဆောင်ရွက်ပြီးဖြစ်၍ (၁၈၂)ခု ဆောင်ရွက်ရန်ကျန်နေသဖြင့် စုစုပေါင်း ကြယ်ပွင့်ပြရော၊ ကြယ်ပွင့်မပြရော ကတိဖြစ်ပေါ်တဲ့ ဆောင်ရွက်ရန်ကျန်တဲ့လုပ်ငန်းက (၂၉၇)ခု ကျန်ရှိနေကြောင်းနှင့် အဆိုများမှာလည်း အဆိုပေါင်း (၁၁၄)ခုမှာ (၁၁၃)ခု အတည်ပြုဖြစ်ခဲ့ပြီး (၁၀၄)ခုမှာ ဆောင်ရွက်ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဆို(၉)ခုမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကော်မတီက အစီရင်ခံစာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားတောင်းခံခဲ့သော်လည်း ခွင့်ပြုခဲ့ခြင်းမရှိ၍ လည်းကောင်း၊ ခွင့်ပြုချက်ရရှိသော်လည်း ယင်း ဘဏ္ဍာနှစ်တစ်နှစ်အတွင်း မပြီးနိုင်ဘဲ နောက် ဘဏ္ဍာရေးနှစ်များတွင်ပါ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ကိစ္စရပ်များ၊ နှစ်ရှည်တည်ဆောက်ရမယ့် စီမံကိန်းလုပ်ငန်းကြီးများ၊ အစိုးရ/ အုပ်ချုပ်ရေး အဖွဲ့အစည်းတစ်ခုတည်းနဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်၍မရဘဲ၊ အခြားနိုင်ငံ/ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ နှစ်ရှည်ဆောင်ရွက်နေရမည့် လုပ်ငန်းရပ်များ၊ လက်ရှိအခြေအနေအရ ဆောင်ရွက်ပေးရန် မလိုအပ်တော့တဲ့ ကိစ္စရပ်များနှင့် စူးစမ်းလေ့လာဆဲ ကိစ္စရပ်များအား ကတိကဝတ် ဖြစ်ပေါ်နေ သည့် စာရင်းမှ ပယ်ဖျက်ပေးပါရန် ဝန်ကြီးဌာနအလိုက်က ကြယ်ပွင့်ပြမေးခွန်းပေါင်း(၂၆)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၂၅)ခု၊ စုစုပေါင်း (၅၁)ခုကို ကျွန်တော်တို့ ဖယ်ဖျက်ပေးရန် တင်ပြလာပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ Slide နဲ့တင်ပြထားပြီးဖြစ်ပါတယ်။

၅။ အမျိုးသားလွှတ်တော်မှာ အတည်ပြုဖြစ်ခဲ့တဲ့ အဆိုများအနက်မှာ ပညာရေးဝန်ကြီးဌာနမှာ ကတိဖြစ်ပေါ်နေတဲ့ အဆိုက ဆရာကြီး ဦးဝင်းမောင် ရဲ့ အဆိုဖြစ်ပါတယ်။ အမျိုးသားပညာရေး မြန်မာစာသင်ကြားရေးနဲ့ ပတ်သက်ပြီးတော့ အမျိုးသားပညာရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ သက်ဆိုင်ရာ တက္ကသိုလ်များက ဆုံးဖြတ်အကောင်အထည်ဖော် ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့

တက္ကသိုလ်အလိုက် အခြေအနေ အမျိုးမျိုးဖြစ်နိုင်ပါသဖြင့် ကတိကဝတ် ဖြစ်ပေါ်နေသည့် အခြေအနေမှ ပယ်ဖျက်ပေးပါရန် တင်ပြလာတဲ့ အဆို(၁)ခုနှင့် အချိန်ကာလကန့်သတ် ဆောင်ရွက်၍ရတဲ့ လုပ်ငန်းမဟုတ်ဘဲနဲ့ စဉ်ဆက်မပြတ် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်နေပါသဖြင့် ကတိကဝတ်အဖြစ်မှ ပယ်ဖျက်ပေးရန် တင်ပြလာတဲ့ အဆို(၅)ခု၊ စုစုပေါင်းအဆို(၆)ခုကို ဝန်ကြီးဌာနကလည်း ကျွန်တော်တို့ ပယ်ဖျက်ပေးဖို့အတွက် တင်ပြလာပါတယ်။

၆။ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ အစီရင်ခံစာကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမှာ တင်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့ လိုအပ်ချက်ကိုပဲ ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ အစီရင်ခံစာ တင်ပြပြီးတဲ့နောက်ကို ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ရန်ကျန်ရှိနေတဲ့ လုပ်ငန်းများမှာ ကြယ်ပွင့်ပြမေးခွန်းပေါင်း(၉၀)ခုနဲ့ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၁၅၇)ခု၊ စုစုပေါင်း (၂၄၇)ခု ဆောင်ရွက်ရန်ကျန်ရှိနေပြီး၊ အဆိုများမှာလည်း (၃)ခု ဆောင်ရွက်ရန် ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကျန်ရှိနေတဲ့ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး အတွက်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၃-၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၀၀၊ အမလ/၁-၇(သဝဏ်လွှာ)၂၀၁၅(၀၇၁)ဖြင့် နိုင်ငံတော်သမ္မတထံကို သဝဏ်လွှာပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ပထမအကြိမ်မှ ဒသမအကြိမ်အထိ ဆောင်ရွက်ရန်ကျန်ရှိနေသော ကြယ်ပွင့်ပြ(၉၀)ခုနဲ့ ကြယ်ပွင့်မပြ(၁၅၇)ခု၊ စုစုပေါင်း (၂၄၇)ခုနှင့် အဆို(၃)ခုကို ကျွန်တော်တို့ ဒါ သဝဏ်လွှာ ပေးပို့ပြီးဖြစ်ပါတယ်။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနများက လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာအရ လုပ်ငန်း (၂၉)ခုနဲ့ ကတိကဝတ်အဖြစ်မှ ပယ်ဖျက်ပေးပါရန် တင်ပြလာတဲ့ စုစုပေါင်း (၁၃)ခု၊ စုစုပေါင်း (၄၂)ခု ရှိကြောင်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ကော်မတီရဲ့ ကွင်းဆင်းဆောင်ရွက်ချက်ကို ဆက်လက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ကော်မတီ၏ကွင်းဆင်းဆောင်ရွက်ချက်

၈။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၇၁ အရ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ အခါအားလျော်စွာ ပေးခဲ့တဲ့ ကတိများကို လိုက်နာခြင်း ရှိ/မရှိ စိစစ်နိုင်ရန်နှင့် ပုဒ်မခွဲ(က)နှင့်(ခ)အရ ကတိများကို မည်သည့်အခြေအနေအထိ ဆောင်ရွက်ပြီးစီးကြောင်းနှင့် သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိ၊ မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ/မရှိ စိစစ်နိုင်ရန်အတွက် (၁၂)ကြိမ်မြောက် အမျိုးသားလွှတ်တော် အစည်းအဝေးကာလမှာ ၂၈-၂-၂၀၁၅ မှ ၄-၃-၂၀၁၅ ရက်နေ့အထိ ကော်မတီကအဖွဲ့(၂)ဖွဲ့ ခွဲပြီးတော့ ကွင်းဆင်းလေ့လာစိစစ်ခြင်းများကို ပြုလုပ်ခဲ့ပါတယ်။ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများက အမျိုးသားလွှတ်တော် အစည်းအဝေးများမှာ ကတိပြုခဲ့ကြပြီးတော့ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး လုပ်ငန်းများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ တောင်းဆိုချက်များအရ လည်းကောင်း၊ ကော်မတီဝင်များအနေနဲ့လည်း ခရီးစဉ်အတွင်းမှာ ဒေသ အသီးသီးတွင် ဆောင်ရွက်လျက်ရှိသော လေ့လာသင့်၊ လေ့လာထိုက်သော လုပ်ငန်းများကိုလည်း တစ်ပါတည်း လေ့လာနိုင်စေရန် ရည်ရွယ်၍ ခရီးစဉ်ကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်။

၉။ ကွင်းဆင်းလေ့လာ စိစစ်ရေးအဖွဲ့(၁)မှာ ကော်မတီအတွင်းရေးမှူး ဦးစံပြည့် ခေါင်းဆောင်ပြီးတော့ အဖွဲ့ဝင်(၆)ဦး၊ စုစုပေါင်း(၇)ဦးဟာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ ကွင်းဆင်းခဲ့ကြပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ လုပ်ငန်း(၆)ခု၊ ရန်ကုန်တိုင်းဒေသကြီးမှာ လုပ်ငန်း(၂)ခုနှင့် ဧရာဝတီတိုင်းဒေသကြီးမှာ လုပ်ငန်း(၇)ခု စုစုပေါင်း (၁၅)ခု ဖြစ်ပါတယ်။

၁၀။ ကွင်းဆင်းစိစစ်ရေးအဖွဲ့(၂)မှာ ကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီး နှင့် အဖွဲ့ဝင်(၆)ဦးတို့ဟာ မန္တလေးတိုင်းဒေသကြီးမှာ လုပ်ငန်း(၇)ခု၊ မကွေးတိုင်းဒေသကြီးမှာလုပ်ငန်း(၆)ခု၊ ပဲခူးတိုင်းဒေသကြီး(အနောက်)မှာ လုပ်ငန်း(၈)ခုကို လေ့လာစိစစ်ခဲ့ကြကြောင်း တင်ပြအပ်ပါတယ်။ စာမျက်နှာ(၉)ဖြစ်ပါတယ်။ ကော်မတီရဲ့ စိစစ်တွေ့ရှိချက်ဖြစ်ပါတယ်။

ကော်မတီ၏ စိစစ်တွေ့ရှိချက်

၁၁။ ကော်မတီ၏ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာမပို့မီ ၂-၂-၂၀၁၅ ရက်နေ့အထိ ကတိဖြစ်ပေါ်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိနေတဲ့ လုပ်ငန်းပေါင်းမှာ ကြယ်ပွင့်ပြ မေးခွန်းမှာ လုပ်ငန်းပေါင်း (၉၀)ခု၊ ကြယ်ပွင့်မပြ လုပ်ငန်းပေါင်းမှာ (၁၅၇)ခု၊ စုစုပေါင်း (၂၄၇)ခုနှင့် အဆို(၃)ခု ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရပါတယ်။

(ခ) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ပြီးနောက် လုပ်ငန်းပြီးစီးကြောင်း ပေးပို့လာတဲ့ လုပ်ငန်း(၂၉)ခုနဲ့ ကတိကဝတ်မှ ပယ်ဖျက်ပေးပါရန် တင်ပြထားတဲ့ လုပ်ငန်း (၁၃)ခု စုစုပေါင်း လုပ်ငန်း(၄၂)ခုရှိကြောင်းနဲ့ ၃၁-၃-၂၀၁၅ ရက်နေ့အထိ အခြေအနေကို စိစစ်တွေ့ရှိရပါတယ်။

(ဂ) ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးထိ ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများမှာ ၃၁-၃-၂၀၁၅ ရက်နေ့အထိ ကြယ်ပွင့်ပြ မေးခွန်းတွင် လုပ်ငန်း(၇၅)ခု၊ ကြယ်ပွင့်မပြမေးခွန်းမှာ လုပ်ငန်း(၁၃၀)ခု စုစုပေါင်း လုပ်ငန်း (၂၀၅)ခုနှင့် အဆို(၃)ခုမှာ ကျန်ရှိနေကြောင်းကို စိစစ်တွေ့ရှိရပါတယ်။

(ဃ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်အဝေးမှာ ကြယ်ပွင့်ပြမေးခွန်း (၁၅၄)ခုအနက် (၄၂)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ ကြယ်ပွင့်မပြမေးခွန်း (၂၃၉) ခုမှာ (၆၆)ခုသည် ကတိဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကြယ်ပွင့်ပြ မေးခွန်းမှာလည်း သိရှိလိုခြင်း (၁၉)ခု၊ ကြယ်ပွင့်မပြမေးခွန်းမှာ သိရှိလိုခြင်း(၃၆)ခု စုစုပေါင်း (၅၅)ခုမှာ သိရှိလို၍ မေးမြန်းခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကော်မတီ၏ သုံးသပ်အကြံပြုချက်များ

၁၂။ ကော်မတီ၏ သုံးသပ်အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော လုပ်ငန်းဆောင်ရွက်ဆဲ၊ လုပ်ငန်းပြီးစီးမှု၊ ကတိကဝတ်မှ ပယ်ဖျက်ပေးရန် ပေးပို့လာမှုတို့ကို ကော်မတီက သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ပေးပို့ခြင်းဖြင့် သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ သိရှိဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

(ခ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ တင်ပြလာတဲ့ လုပ်ငန်းများအတွက် ဝန်ကြီးဌာနများသို့ ကော်မတီက ကိုယ်စားမေးမြန်းပေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် ဝန်ကြီးဌာနများသို့ ပေးပို့သွားမည် ဖြစ်ပါတယ်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များရဲ့ကတိဖြစ်ပေါ်မှုအပေါ် ပြည်ထောင်စုဝန်ကြီးဌာနက ရန်ပုံငွေရရှိပြီးဖြစ်ပါက ကော်မတီအနေဖြင့်ကတိပြီးပြတ်သည်ဟု သတ်မှတ်ခဲ့သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနက လုပ်ငန်းပြီးစီးတယ်လို့ တင်ပြလာတဲ့ လုပ်ငန်းအပေါ်မှာသာလျှင် ကော်မတီက လုပ်ငန်းပြီးတယ်လို့ သတ်မှတ်ပါတယ်။ ပြည်ထောင်စုအစိုးရ အဖွဲ့၏လုပ်ငန်းပြီးစီးကြောင်း စာများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထံကို ပေးပို့ပြီးတော့ အတည်ပြုချက်များကို ရယူပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အချိန်နဲ့တစ်ပြေးညီ ကျွန်တော်တို့ ကော်မတီကို အကြံပြုအသိပေးခြင်းများကို ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။

(ဃ) ပြည်ထောင်စုဝန်ကြီးဌာနများက ကတိဖြစ်ပေါ်ခဲ့တဲ့ လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်မှုသည် ၎င်းတို့က ကတိပြုခဲ့သည့် ဆောင်ရွက်ခြင်းရှိ/မရှိနှင့် ပြီးစီးမှုအခြေအနေများကို အခြေအနေမှန် သိရှိနိုင်ရေးအတွက် ကော်မတီက ကွင်းဆင်းစိစစ် လေ့လာတဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ လိုက်ပါခြင်း တာဝန်ရှိသူများ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြရတဲ့အခါမှာ ပြည်သူများအကျိုးအတွက်ကို ညှိနှိုင်းအဖြေရှာ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ကော်မတီရဲ့ အကြံပြုချက်များကိုလည်း တာဝန်ရှိသူများအနေဖြင့် ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း ကော်မတီသို့ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ တင်ပြလာသည်များကိုလည်း တွေ့ရှိရပါတယ်။ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်လည်း ကွင်းဆင်းစိစစ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို ကြိုဆိုလက်ခံကြသည်ကို တွေ့ရှိရပါတယ်။ ကွင်းဆင်းစိစစ်ရေးအဖွဲ့များသည် အခါအားလျော်စွာ ကွင်းဆင်းစိစစ်သင့်ကြောင်း အကြံပြုလိုပါတယ်။

(င) ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာများမှ ထုတ်နုတ်ပြီးတော့ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဦးစားပေး စိစစ်ဆောင်ရွက်နိုင်ရန် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့ကို ပေးပို့သင့်ကြောင်း အကြံပြုအပ်ပါတယ်။

(စ) လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြန်ဆောင်ရွက်ပေးမှသာ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်လာမည်ဖြစ်သကဲ့သို့ လွှတ်တော်နှင့် နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည် အားကိုးလာမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြ အပ်ပါတယ်။

နိဂုံး

၁၃။ နိဂုံးအနေနဲ့ကတော့ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် နည်းဥပဒေများရဲ့ နည်းဥပဒေ ၇၁ ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ အမျိုးသားလွှတ်တော်မှ သတ်မှတ်ပေးတဲ့ ကော်မတီရဲ့ လုပ်ငန်းတာဝန်များအရ လည်းကောင်း တိကျစွာလိုက်နာပြီး ဆက်လက်စိစစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ရှိ ဥယျာဉ်တော်သစ်စက် ရေလျှံမြေသားလမ်း
ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအားလေ့လာစဉ် မြင်ကွင်းပုံ (ဃဃ)






မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်း၊ တောင်သာမြို့နယ်တွင်ဆောက်လုပ်ရေး ဝန်ကြီးဌာန
က တည်ဆောက်လျက်ရှိသော ချောင်းကူးတံတား(၃)စင်းအားလေ့လာစဉ် မြင်ကွင်းပုံ (ဃဃ-၁)



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော သောက်သုံး ရေကန်(၂၀)တူးဖော်ပြီးစီးမှု အခြေအနေအား လေ့လာစိစစ်ခြင်း မြင်ကွင်းပုံ (ဃဃ-၂)





**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၁) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၂) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၂) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၁၁း၁၁ နာရီအချိန်တွင် ရပ်နားပါသည်။]